မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

March 24 , 2026 Volume 100 , Number 16


၂၄. ၃. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၆.၁၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၅၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၀၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၆.၉၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၂.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၈ ကျပ် |



CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပဲတီစိမ်း၊ ကုလားပဲ၊ မြေပဲ ဈေးကွက်သုံးသပ်ချက်
## (၁၆-၃-၂၀၂၆ မှ ၂၀-၃-၂၀၂၆ အထိ)




တရုတ်နိုင်ငံ၏ ဝယ်လိုအား မျှော်လင့်ချက်ကြောင့် ပဲတီစိမ်းသည် ယခုရက်သတ္တပတ်တွင် ပြည်တွင်းဈေးသာမက ပြည်ပဈေးပါ ထပ်မံမြင့်တက်လာသည်။

**ပဲတီစိမ်း**

တရုတ်နိုင်ငံ၏ ဝယ်လိုအားမျှော်လင့်ချက်ကြောင့် ပဲတီစိမ်းသည် ယခုရက်သတ္တပတ်တွင် ပြည်တွင်းဈေးသာမက ပြည်ပဈေးပါထပ်မံမြင့်တက်လာသည်။ ဆောင်းပဲတီစိမ်းဈေးကွက်ဝင်ချိန်ဈေးမြင့်တက်မှုသည် စိုက်ပျိုးသူတောင်သူများအတွက် မျှော်လင့်ချက်ကောင်းတစ်ခုလည်း ဖြစ်နေသည်။

လက်ရှိ ပဲတီစိမ်းသည် နယ်မြို့များတွင် ပိဿာ ၂၀ လျှင် ကျပ် ၁၂၅,၀၀၀ အထိ ဈေးမြင့်တက်လာသည်။ ရန်ကုန်ဈေးကွက်တွင်လည်း ပဲတီစိမ်းပြည်ပရောင်းချသည့် FOB ဈေးသည် တစ်တန်လျှင် ၁၀ ဒေါ်လာ ဈေးမြင့်သွားသည်။ ပဲတီစိမ်း (အညာ) FAQ တစ်တန်ဒေါ်လာ ၈၆၀-၈၇၀ မှ ၈၈၀-၈၉၀ သို့ဈေးပြောင်းပြီး၊ ပဲတီစိမ်း (ရွှေဝါ) FAQ မှာ တစ်တန်ဒေါ်လာ ၉၆၀-၉၇၀ မှ ၉၇၀-၉၈၀ သို့ ဈေးပြောင်းသွားသည်။

ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်းပြည်တွင်းဈေးမှာ ပဲတီစိမ်း(အညာ) တစ်ပိဿာ ကျပ် ၅၀၀၀-၅၀၂၀ မှ ၅၁၆၅-၅၁၈၅၊ ပဲတီစိမ်း(ခရမ်းနှင့် ပဲခူး) ရွှေဝါတစ်ပိဿာ ကျပ် ၅၈၃၀ မှ ၆၀၀၀၊ ပဲတီစိမ်း(ဝါးခယ်မ) FAQ တစ်ပိဿာ ကျပ် ၅၅၀၀-၅၅၂၀ မှ ၅၈၃၀-၅၈၅၀ သို့ ဈေးပြောင်းသွားသည်။ မန္တလေးဈေးကွက်တွင် ပဲတီစိမ်း(အညာ) တစ်တန် ကျပ် ၃,၁၅၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

**ကုလားပဲ**

ပြည်တွင်းအဓိကစားသုံးသည့် ကုလားပဲဈေးသည်လည်း အပြောင်းအလဲများ ရှိနေသည်။ ရန်ကုန်ဈေးကွက်တွင် ပြည်တွင်းဈေး မြင့်တက်ပြီး၊ ပြည်ပဈေး အနည်းငယ်ကျသော်လည်း မန္တလေးဈေးကွက်တွင် ဈေးတက်လာသည်။

စိုက်ပျိုးထုတ်လုပ်မှု အားနည်းသဖြင့် ပဲသစ်အဝင် လျော့ကျသော်လည်း ပြည်တွင်းဝယ်လိုအား ပုံမှန်ရှိနေသည်။ ကုလားပဲဖြူလုံးကြီး V2 တစ်မျိုးသာ ပြည်ပသို့တင်ပို့ပြီး ယခုရက်သတ္တပတ်တွင် FOB ဈေးကျလာသည်။ ရန်ကုန်ဈေးကွက်တွင် ကုလားပဲဖြူလုံးကြီး V2 FAQ တစ်တန်၏ FOB ဈေးမှာ ဒေါ်လာ ၆၉၀-၇၀၀ မှ ၆၈၀-၆၉၀ သို့ ဈေးပြောင်းသွားသည်။

ပြည်တွင်းဈေးမှာလည်း ကုလားပဲဖြူလုံး တစ်ပိဿာ ကျပ် ၃,၈၆၀၊ ကုလားဖြူလုံးကြီး တစ်ပိဿာ ကျပ် ၄၂၂၀-၄၃၈၅ မှ ၄၃၈၅-၄၅၆၅ သို့ ဈေးပြောင်းသွားသည်။ မန္တလေးဈေးကွက်တွင် ကုလားပဲ (ထိုင်ဝမ်) တစ်တန် ကျပ် ၂,၄၁၀,၀၀၀ ကျော်၊ ကုလားပဲ (929) တစ်တန် ၂,၄၇၀,၀၀၀ ကျော်၊ ကုလားဖြူ (V2) တစ်တန် ကျပ် ၂,၄၃၀,၀၀၀ ကျော်၊ ကုလားပဲဖြူ (V7) တစ်တန် ကျပ် ၂,၄၆၀,၀၀၀ ကျော်အထိ ဈေးမြင့်တက်လာသည်။

**မြေပဲ**

ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မြေပဲသည် ယခုရက်သတ္တပတ်တွင် ပြည်ပဈေးငြိမ်နေသော်လည်း ပြည်တွင်းဈေးမြင့်တက်လာသည်။ ဆီစက်များနှင့် ပြည်တွင်းစားသုံးမှု ဝယ်လိုအားကြောင့် မြေပဲဈေးမှာ အမျိုးအစားအားလုံးနီးပါး မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်ဈေးကွက်တွင် မြေပဲပြည်ပရောင်းချသည့် FOB ဈေးမှာ မြေပဲ (လုံးဆန်) တစ်တန် ဒေါ်လာ ၁၆၅၅-၁၆၆၅ ဖြင့် ဈေးငြိမ်နေသည်။သို့သော်မန္တလေးဈေးကွက်တွင်မြေပဲပြည်တွင်းဈေးမှာအမျိုးအစားအလိုက်တစ်တန်လျှင်ကျပ် ၄၀၀,၀၀၀ ကျော်အထိ မြင့်တက်လာသည်။

မန္တလေးဈေးကွက်တွင် မြေပဲပြန့် (လုံးဆန်) သစ်တစ်တန် ကျပ် ၆,၇၃၀,၀၀၀ ကျော်၊ မြေပဲ S1 လုံးဆန် (မြင်းမူ) တစ်တန် ကျပ် သိန်း ၇၀ ကျော်၊ မြေပဲ (အနီ) လုံးဆန်သစ် တစ်တန် ကျပ် ၆,၃၆၀,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။ ထို့ပြင် မြေပဲ S1 ဆီဆန်သစ် တစ်တန် ကျပ် ၆,၄၃၀,၀၀၀ ကျော်၊ မြေပဲပြန့် ဆီဆန် တစ်တန် ကျပ် ၆,၄၉၀,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။ သို့သော် မြေပဲအနီ ဆီဆန်မှာ တစ်တန် ကျပ် ၅,၉၄၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

**Source :** https://htwettoe.com/

## နှစ်လတာကာလအတွင်း ပြည်ပသို့ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၉ သန်းရရှိထား



ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလကုန်အထိ နှစ်လတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၉ သန်းရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"ယခုနှစ်ဇန်နဝါရီလနဲ့ဖေဖော်ဝါရီလကုန်အထိပုဂ္ဂလိကကဏ္ဍကနေ ပြည်ပကို ပျားရည်၉၈၆ ဒသမ ၂၃ တန်တင်ပို့ခဲ့ပြီးအမေရိကန်ဒေါ်လာ၁ ဒသ မ ၄၇၉ သန်းရရှိခဲ့ပါတယ် "ဟု ၎င်းကပြောသည်။

ထိုသို့တင်ပို့ရာတွင် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည် ၉၈၁ ဒသမ ၀၅ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ပျားရည် ၅ ဒသမ ၁၈ တန် စုစုပေါင်း ၉၈၆ ဒသမ ၂၃ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၉ သန်းရရှိခဲ့သည်။

ပြည်ပနိုင်ငံများသို့ ပျားရည်တင်ပို့ရာတွင် ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့သို့တင်ပို့ပြီး ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့သည်။

ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီး ပျားရည်ဟူ၍ ထုတ်လုပ်ကြောင်း၊ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများပြီး ပြည်ပသို့တင်ပို့ရာတွင် အများအားဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## အင်းလေးမှာ စက်လှေငှားရမ်းခ ဈေးနှုန်းဆတက်သွား




ဒီဇယ်ဆီဈေး အတက်ကြမ်းလာသဖြင့် အင်းလေးဒေသတွင် စက်လှေငှားရမ်းခဈေး နှစ်ဆနီးပါးတက်သွားကြောင်း ဒေသခံများထံက သိရပါတယ်။

ယခင်က ၄၅,၀၀၀ ကျပ်နှင့် ၅၀,၀၀၀ ကျပ်ကြားသာရှိခဲ့ရာမှ လက်ရှိတွင် ၈၀,၀၀၀ ကျပ်မှ ၁ သိန်းကျပ်ဝန်းကျင်အထိ ဈေးထိုးတက်သွားခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောပါတယ်။

"အခုတစ်ခေါက်ဆီဈေးအတက်မှာ၊ ပုံမှန်လှေငှားခ လေးသောင်းခွဲ ငါးသောင်းဝန်းကျင်ကနေ၊ ရှစ်သောင်းတစ် သိန်းလောက်အထိထိုးတက်သွားတယ်၊ လှေဆိပ်ပေါ်မူတည်ပြီး ဈေးကွာဟမှုတော့ရှိတာပေါ့နော်"လို့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ဒေသခံတစ်ဦးက ပြောပါတယ်။

လက်ရှိ အင်းလေးဒေသတွင် ပရီမီယံဒီဇယ်တစ်လီတာလျှင် တရားဝင်ရောင်းဈေး ၄၉၃၀ ကျပ်ဖြစ်သော်လည်း၊ ပြင်ပပေါက်ဈေး တစ်ဂါလန်(၄ လီတာ)လျှင် ၄၅,၀၀၀ ကျပ်ဝန်းကျင်ဈေးဖြစ်နေပြီး၊ လိုသလောက်ဝယ်၍မရသည့် အခြေအနေတွင်လည်း ရှိနေ ကြောင်း သိရပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းညောင်ရွှေမြို့နယ်အင်းလေးဒေသတွင်ဒေသတွင်းရေပေါ်အလည်အပတ်ခရီးစဉ်အတွက် ဒီဇယ်အင်ဂျင်သုံးစက်တပ်လှေများအဓိကအသုံးပြုပြီး၊ ဒေသတွင်းစီးပွားရေးနှင့်လူမှုရေးကိစ္စများတွင်လည်း အသုံးပြုခြင်းများ ရှိပါတယ်။

လတ်တလောဖြစ်ပေါ်နေသော စက်သုံးဆီပြဿနာကြောင့် စက်လှေငှားရမ်းခဈေးနှစ်ဆတက်သွားသကဲ့သို့၊ ဒေသထွက်ကုန်ပစ္စည်းများလည်း ဈေးနှုန်းမြင့်တက်လာကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ပုဂ္ဂလိက ဆန်စပါးလုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှု (Rice Industry Cashless Ecosystem) အစီအစဉ်သစ်ကို စတင်တော့မည်



မြန်မာ့ဆန်စပါးကဏ္ဍရှိ ပုဂ္ဂလိကဆန်စပါးလုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှု (Rice Industry Cashless Ecosystem) အစီအစဉ်သစ်ကို စတင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (MRF) မှ သိရပါတယ်။

ထိုသို့ဆောင်ရွက်ရခြင်းဟာ ပုဂ္ဂလိက ဆန်စပါးလုပ်ငန်းနယ်ပယ် တစ်ခုလုံးတွင် ဒစ်ဂျစ်တယ် ငွေပေးချေမှု စနစ်များ ပိုမိုထွန်းကားလာစေရန်နှင့် ခေတ်မီဘဏ်ဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ အသုံးချနိုင်

စေရန် ရည်ရွယ်၍ “MRF RICE – Rice Industry Cashless Ecosystem” အစီအစဉ်သစ်ကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လည်း သိရပါတယ်။

အဆိုပါ ငွေပေးချေမှုအစီအစဉ်ဟာ နိုင်ငံတော်၏ မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ – ၂၀၃၀ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီပေါ်ပေါက်လာခြင်းဖြစ်ပြီး ဆန်စပါးတန်ဖိုးကွင်းဆက် (Rice Value Chain) တစ်လျှောက်တွင် ပါဝင်ပတ်သက်နေကြသော တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်တင်ပို့ရောင်းချသူများနှင့် အကျိုးဆောင်ပွဲစားများအားလုံးကို ဘဏ်စနစ်အတွင်းသို့ ပိုမိုလာရောက်စေရန် ရည်ရွယ်ထားခြင်း ဖြစ်ကြောင်းလည်း သိရပါတယ်။

MRF RICE အစီအစဉ်ဟာ လက်ရှိအသုံးပြုနေသည့် ငွေသားအခြေပြု (Cash – based) လုပ်ငန်းဆောင်ရွက်မှုများမှ တစ်ဆင့် လုံခြုံစိတ်ချရပြီး ခေတ်မီသော ဒစ်ဂျစ်တယ်ဘဏ္ဍာရေးစနစ်သို့ အဆင့်ဆင့်ကူးပြောင်းနိုင်ရန် အထောက်အကူပြုပေးခြင်းဖြစ်ကြောင်း၊ ၎င်းအတွက်MMQR–Myanmar Pay ကဲ့သို့သောအီလက်ထရွန်းနစ်ငွေပေးချေမှုစနစ်များနှင့်အွန်လိုင်းဘဏ်ဝန်ဆောင်မှုများကို လက်တွေ့ နယ်ပယ်တွင်ပိုမိုထိရောက်စွာအသုံးပြုနိုင်ရန် တွန်းအားပေးသွားမည်ဖြစ်ကြောင်းလည်း သိရပါတယ်။

MRF အနေဖြင့် ယခုစီမံကိန်းမှတစ်ဆင့် ဆန်စပါးစီးပွားရေးလုပ်ငန်းရှင်(Stakeholders)များအကြား ဘဏ္ဍာရေးချိတ်ဆက်မှုများ ပိုမိုအားကောင်းလာစေရန်၊ ငွေစက္ကူကို အလွန်အကျွံမှီခိုနေရမှုကို လျှော့ချရန်နှင့် ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာစေရန် မျှော်မှန်းထားကြောင်း၊ ယခုလုပ်ငန်းစဉ်သည်လည်း မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍကို ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းရာတွင် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများစွာနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

**Source : MyanmarFutureNews Agency**

## ဧည့်မထဆန်(သစ်)ဈေးတက်ပြီး ဧည့်မထဆန်(ဟောင်း)နှင့် ပေါ်ဆန်းမွှေး(ဟောင်း)ဈေးများကျဆင်းကာ ပေါ်ဆန်းမွှေး(သစ်)၊ ဆန်ကွဲ၊ B(1,2)/B(2,3,4)နှင့် ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၁၆.၃.၂၀၂၆)ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၅၅၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း)တစ်အိတ် ၁၂၀၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၀၀၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၂၀၀၀ ကျပ်နှင့် ဖွဲနု တစ်အိတ် ၂၅၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

(၂၃.၃.၂၀၂၆)ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၆၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၁၀၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၀၀၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၂,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(သစ်)တစ်အိတ် ၅၀၀၀ ကျပ် ဈေးမြင့်တက်ခဲ့ပြီး ဧည့်မထဆန် (ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်နှင့် ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၀,၀၀၀ ကျပ်ဈေးများကျဆင်းကာ ပေါ်ဆန်းမွှေးဆန် (သစ်)၊ ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးများမှာ ဈေးငြိမ်လျက်ရှိနေသည်။

ညှော့မထဆန်(သစ်) ဈေးမြင့်တက်ရခြင်းမှာ ဝယ်လိုအားများခြင်းကြောင့်ဖြစ်ပြီး ညှော့မထဆန်(ဟောင်း)နှင့် ပေါ်ဆန်းမွှေးဆန်(ဟောင်း)ဈေးများ ကျဆင်းရခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

**Source :** ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများမြင့်တက်လာခြင်းကြောင့် ၂၀၂၆ ခုနှစ်ဧပြီလမှစ၍ ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်လာနိုင်ချေရှိကြောင်း Unilever Thailand က အချက်ပြခဲ့

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများမြင့်တက်လာခြင်းကြောင့် ၂၀၂၆ ခုနှစ်ဧပြီလမှစ၍ ကုန်ပစ္စည်းဈေးနှုန်းများမြင့် တက်လာနိုင်ချေရှိကြောင်း Unilever က အချက်ပြခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းတင်းမာမှုများက ကုန်ပစ္စည်းလိုင်းအားလုံးတွင် ကုန်ကြမ်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကုန်ကျစရိတ်များမြင့်တက်လာသဖြင့် ကုန်ကျစရိတ်ဖိအားများမြင့်တက်လာနိုင်သည်ဟု ၎င်း၏လုပ်ငန်းမိတ်ဖက်များအား သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ ပြတ်ပြတ်သားသားအဆုံးအဖြတ်မရှိသော ကာလရှည်ကြာပဋိပက္ခသည် လုပ်ငန်းကဏ္ဍအားလုံးတွင် ထုတ်လုပ်မှုကုန်ကျစရိတ်ကို တွန်းအားပေးနေပြီး အကျိုးသက်ရောက်မှုများကို ၂၀၂၆ ခုနှစ် ဧပြီလမှစတင်၍ မြင်တွေ့နိုင်မည်ဟု မျှော်လင့်ကြောင်း၊ကုန်ကြမ်းဈေးနှုန်းများမြင့်တက်လာခြင်းနှင့်ထောက်ပံ့ပို့ဆောင်ရေးစရိတ်များ စဉ်ဆက်မပြတ်မြင့်တက်ခြင်းမှ အန္တရာယ်များနှင့် ရင်ဆိုင်နေရကြောင်း၊ ဤဖိအားများသည် ထုတ်ကုန်အမျိုးအစားအားလုံးရှိ ထုတ်လုပ်မှုကုန်ကျစရိတ်များကို တိုက်ရိုက်ထိခိုက်စေပြီး အခြေအနေ၏ ဖြေလျှော့မှုများအတွက် အချိန်ဇယားသည် မသေချာသေးကြောင်း Unilever Thailand ၏ CEO ဖြစ်သူ Aseem Puri က ပြောကြားခဲ့သည်။

မတည်မငြိမ်ဖြစ်မှုကို စီမံခန့်ခွဲရန်အတွက် Unilever သည် လုပ်ငန်းယူနစ်အားလုံးတွင် ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ်လအတွင်း စတော့ခ်လုံခြုံမှုအဆင့်ကို တိုးမြှင့်ခဲ့ကြောင်း၊ ကုမ္ပဏီသည် ဧပြီလတွင် မျှော်မှန်းထားသည့် အလားအလာရှိသော ဈေးနှုန်းချိန်ညှိမှုများမတိုင်မီ ကုန်ပစ္စည်းစာရင်းများတည်ဆောက်ခြင်းဖြင့် ကြိုတင်စီစဉ်ထားရန် လက်လီလုပ်ဖော်ကိုင်ဖက်များအား အကြံပေးထားကြောင်း၊ လုပ်ငန်းဆက်လက်တည်မြဲစေရန်အတွက် ဆက်လက်ပံ့ပိုးပေးခြင်းဖြင့် အရောင်းကိုယ်စားလှယ်များနှင့် လက်လီအရောင်းကိုယ်စားလှယ်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် လက်လီအရောင်းပိုင်ရှင်များနှင့် မန်နေဂျာများအား တိုက်တွန်းထားကြောင်း၊ ကုန်ကျစရိတ်ဖိအားများရှိနေသော်လည်း Unilever သည် သုံးစွဲသူများအပေါ် အကျိုးသက်ရောက်မှုကို သတိပြုပြီး အပိုပရိမိုးရှင်းကမ်ပိန်းများနှင့် ဈေးနှုန်းလျှော့ဈေးများကို ပြင်ဆင်နေကြောင်း၊ ပထဝီဝင်နိုင်ငံရေးအချက်များက ထုတ်လုပ်မှုကုန်ကျစရိတ်ကို ဆက်လက်မြင့်တက်နေစေသည့်တိုင် လူနေမှုစရိတ်စကကို လျှော့ပါးသက်သာစေရန် ဤအစီအမံများက ရည်မှန်းထားကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ထားချက်အရ သိရသည်။

**Source: https://www.nationthailand.com/news/general/40063921**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ကင်ညာစိုက်ပျိုးရေးထွက်ကုန်များ တရုတ်ဈေးကွက်သို့ အခွန်လွတ်တင်ပို့ခွင့်ရရှိ



ကင်ညာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကို လာမည့် မေလ ၁ ရက်နေ့မှစတင်၍ တရုတ်ဈေးကွက်အတွင်းသို့ အခွန်ကင်းလွတ်ခွင့် (Duty-free) ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီးနောက်၊ ကင်ညာနိုင်ငံသည် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသော အာရှဈေးကွက်ကြီးဆီသို့ ပို့ကုန်များ အရှိန်အဟုန်ဖြင့် တင်ပို့နိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ဤလုပ်ဆောင်ချက်သည် အာဖရိကနိုင်ငံပေါင်း ၅၃ နိုင်ငံမှ တင်သွင်းကုန်စည်များအပေါ် အခွန်ကောက်ခံမှု ပယ်ဖျက်ရန် ပေကျင်းအစိုးရ၏ ပိုမိုကျယ်ပြန့်သော ဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဤမူဝါဒအပြောင်းအလဲသည် ကုန်သွယ်မှု စီးဆင်းမှုကို ပုံစံသစ်တစ်မျိုးဖြင့် ပြောင်းလဲစေနိုင်ပြီး အာဖရိကပို့ကုန်တင်ပို့သူများအတွက် ကမ္ဘာ့ဈေးကွက်တွင် ပိုမိုခိုင်မာသော ခြေကုပ်တစ်ခုရရှိစေမည်ဖြစ်သည်။

ယခင်က အခွန်နှုန်းထားအမျိုးမျိုး ပေးဆောင်ခဲ့ရသော လက်ဖက်၊ ကော်ဖီ၊ ထောပတ်သီးနှင့် မက္ကာဒေးမီးယား အစေ့အဆန်များ အပါအဝင် ကင်ညာထွက်ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို ဤအခွန်ကင်းလွတ်ခွင့်စနစ်သစ်က သိသိသာသာ မြှင့်တင်ပေးနိုင်လိမ့်မည်ဟု စိုက်ပျိုးရေးဝန်ကြီး Mutahi Kagwe က ပြောကြားခဲ့သည်။

"ကင်ညာနိုင်ငံအတွက်မူ ဤအပြောင်းအလဲသည် ကုန်သွယ်မှုပမာဏ တိုးတက်လာရုံသာမကဘဲ၊ ကုန်ကြမ်းတင်ပို့သည့် စနစ်မှ တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ တင်ပို့သည့်စနစ်သို့ ကူးပြောင်းရန်ဟူသော ၎င်းတို့၏ ရေရှည်ရည်မှန်းချက်ကို ဖော်ဆောင် နိုင်မည့် အခွင့်အရေးလည်း ဖြစ်သည်။ လတ်ဆတ်သော ထောပတ်သီးများနှင့် အေးခဲထောပတ်သီးများမှစ၍ ပန်းပွင့်များ၊ ဟင်းသီးဟင်းရွက်များနှင့် ဟင်းခတ်အမွှေးအကြိုင်များအထိ အကောက်ခွန်လုံးဝပေးဆောင်ရန်မလိုတော့ဘဲ တင်ပို့ခွင့် ရရှိမည်ဖြစ်သည်။

ယင်းက တင်ပို့သူများအတွက် ထုတ်လုပ်မှုပမာဏ တိုးမြှင့်ရန်နှင့် ကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ရန် တွန်းအားတစ်ရပ် ဖြစ်စေသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်ကြမ်းကိုတန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းကို ဦးစားပေးရန်နှင့် ပြည်တွင်း၌ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများတည်ထောင်နိုင်ရန် တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဝန်ကြီး Kagwe က တိုက်တွန်းခဲ့သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်ကာ ဝင်ငွေတိုးပွားစေပြီး ကျေးလက် စီးပွားရေးကို ခိုင်မာစေမည်ဟု ၎င်းကဆိုသည်။

သို့သော်လည်း တရုတ်ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရေးမှာ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများကို တိကျစွာလိုက်နာမှုအပေါ်တွင် မူတည်နေကြောင်း ၎င်းက သတိပေးခဲ့သည်။

ထို့ကြောင့် ထုတ်လုပ်သူများနှင့် ထိန်းကျောင်းကြပ်မတ်သူများအနေဖြင့် ပိုးမွှားကင်းစင်ရေးဆိုင်ရာ သတ်မှတ်ချက်များ (Phytosanitary requirements) ကို ပြည့်မီစေရန် ကြိုးပမ်းရမည်ဖြစ်သည်။

ဤမူဝါဒသည် နာရိုဘီနှင့် ပေကျင်းအကြား မကြာသေးမီက ရရှိခဲ့သော သဘောတူညီချက်များအပေါ် အခြေခံထားခြင်းဖြစ်ပြီး၊ကင်ညာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို ၎င်းတို့၏ ပို့ကုန်အခြေပြု စက်မှုထွန်းကားရေး မဟာဗျူဟာ၏ အဓိကမဏ္ဍိုင် အဖြစ် ဖော်ဆောင်ရန် မျှော်လင့်ထားသည်။ ကင်ညာနိုင်ငံသည် လွန်ခဲ့သောနှစ်အတွင်းက တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၄ သန်းဖိုးရှိ ကော်ဖီနှင့် လက်ဖက်ခြောက်များ တင်ပို့ခဲ့သည့်အပြင်၊ ဒေါ်လာ ၂၀ သန်းဖိုးနီးပါးရှိသော ထောပတ်သီးနှင့် မက္ကာဒေးမီးယား အစေ့အဆန်များကိုလည်း တင်ပို့ခဲ့ရာ စိုက်ပျိုးရေးကုန်သွယ်မှုတွင် တဖြည်းဖြည်း တိုးတက်လာမှုကို မီးမောင်း ထိုးပြနေသည်။

ကင်ညာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Guo Haiyan က ကင်ညာထွက်ကုန်များသည် တရုတ်စားသုံးသူများအကြား လူသိများ အသိအမှတ်ပြုလာကြပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ ဈေးကွက်ဝင်ရောက်ခွင့်၊ နည်းပညာလွှဲပြောင်းပေးမှုနှင့် လုပ်နိုင်စွမ်းရည် မြှင့်တင်ရေးတို့တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရိပ်အမြွက် ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများအနေဖြင့် ၎င်းတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သော သီးနှံများကိုပိုမိုထုတ်လုပ်ပြီး တန်ဖိုးမြှင့်ကုန်ချော များအဖြစ်အသွင်ပြောင်းနိုင်မည်ဆိုပါကဤအခွန်ကင်းလွတ်ခွင့်စနစ်သည် အချိုးအကွေ့တစ်ခုဖြစ်လာနိုင်သည်ဟု လေ့လာဆန်းစစ်သူများက ဆိုကြသည်။

ဤမူဝါဒသည် ပို့ကုန်မြှင့်တင်ရေးနှင့် စက်မှုထွန်းကားရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖန်တီးပေးခြင်းဖြစ်ကြောင်း Patrick Lumumba က ပြောကြားခဲ့သည်။

သို့သော်လည်း ဤအကျိုးကျေးဇူးကို အပြည့်အဝခံစားနိုင်ရန်အတွက် နိုင်ငံများအနေဖြင့် မိမိတို့၏ စီးပွားရေးစနစ်ကို ပိုမိုကောင်းမွန်အောင် စုဖွဲ့ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value addition) ထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက သတိပေးခဲ့သည်ဟု သိရသည်။

**Source : africa.businessinsider.com**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (24.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Mar, 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 70,143 (Shares) | 252,650,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,500 | +0 | +0.00% | 15,500 | 16,000 | 15,500 | 1,091 | 17,038,000 | 33,109,694 | 513,200 |
| MTSH | 00002 | 6,400 | +0 | +0.00% | 6,400 | 6,400 | 6,400 | 6,439 | 41,209,600 | 38,929,150 | 249,147 |
| MCB | 00003 | 9,500 | +500 | +5.56% | 9,300 | 9,500 | 9,100 | 88 | 825,400 | 10,400,986 | 98,809 |
| FPB | 00004 | 4,400 | +200 | +4.76% | 4,300 | 4,500 | 4,200 | 28,782 | 125,746,800 | 29,664,613 | 130,524 |
| TMH | 00005 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,300 | 23 | 76,200 | 12,823,224 | 43,599 |
| EFR | 00006 | 1,900 | -50 | -2.56% | 1,850 | 1,900 | 1,850 | 1,857 | 3,483,350 | 19,977,223 | 37,957 |
| AMATA | 00007 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,900 | 977 | 3,835,100 | 10,497,598 | 41,466 |
| MAEX | 00008 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,850 | 886 | 3,436,200 | 23,804,946 | 92,839 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 24th Mar, 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 640.20 | +5.43 | +0.86% | 636.94 | 647.25 | 635.15 | 40,143 | 195,650,650 | 8 | 1,207,541 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 24th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 70,747 (Shares) | 255,695,500 (MMK) |

## Main Board

As of 1:00 p.m. 24th Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 70,143 (Shares) | 252,650,650 (MMK) |

| MYANPIX | 640.20 ▲ 5.43 |
|---|---|
| Total Volume (shares) | 40,143 |
| Total Value (MMK) | 196 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,207,541 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,500 | ▲ 0 |
| MTSH | 00002 | 6,400 | ▲ 0 |
| MCB | 00003 | 9,500 | ▲ 500 |
| FPB | 00004 | 4,400 | ▲ 200 |
| TMH | 00005 | 3,400 | ▲ 50 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,900 | ▲ 0 |

TIR